ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ညွှန်ကြားချက်အမှတ်၊ ၁ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

## ပုလဲခွဲဝေမှုအချိုး ပြင်ဆင်ခြင်းအား လိုက်နာဆောင်ရွက်ရန်ကိစ္စ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို အောက်ဖော်ပြပါအတိုင်း ထုတ်ပြန်ပါသည်။

၁။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကို(၂၅.၉.၂၀၁၈)ရက်နေ့တွင် (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁။)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေအရ အစားထိုးသည့် ပုဒ်မ ၃၉ တွင် “ဝန်ကြီးဌာနသည် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအား ခွင့်ပြုမိန့်ရရှိသူနှင့် ထုတ်လုပ်မှုအပေါ် မျှဝေခံစားသော လုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနမှသတ်မှတ်သော ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့် လုပ်ငန်းလုပ်ကိုင်ခြင်းအတွက် စာချုပ်များကို ချုပ်ဆိုဆောင်ရွက်ခွင့်ပြုနိုင်သည်”ဟု ပြဋ္ဌာန်းပါရှိပါသည်။

၂။ ၂၀၁၉ ခုနှစ်၊ ဇွန်လ (၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့၏ (၁၁/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးမှ “မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် မှတ်ကောင်သားဖောက် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၏ အချိုးခွဲဝေမှုအား ထွက်ရှိသောပုလဲများကို အရင်းမကြေမီကာလတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက ၁၀ ရာခိုင်နှုန်းနှင့် ကုမ္ပဏီက ၉၀ ရာခိုင်နှုန်း၊ အရင်းကြေပြီးကာလတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက ၂၀ ရာခိုင်နှုန်းနှင့် ကုမ္ပဏီက ၈၀ ရာခိုင်နှုန်းဖြင့် ပြင်ဆင်ခြင်းကို သဘောတူခွင့်ပြုကြောင်း” ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် မှတ်ကောင်သားဖောက် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းကို ထုတ်လုပ်မှုအပေါ်မျှဝေခံစားမှုဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအပေါ် မြန်မာ့ပုလဲလုပ်ငန်းဥပဒေနှင့်အညီ ပုလဲခွဲဝေမှုအချိုးအား အထက်အပိုဒ်(၂)ပါ ပြင်ဆင်သတ်မှတ်ထားသည့်အတိုင်း လိုက်နာခွဲဝေဆောင်ရွက်ရန် ညွှန်ကြားပါသည်။

မင်းမင်းဦး

ဦးဆောင်ညွှန်ကြားရေးမှူး

စာအမှတ်၊ စမ - ၃၂ / ၀၁ / ၁၉ ( ၁၅၂၁ )

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်

**ဖြန့်ဝေခြင်း**

အထွေထွေမန်နေဂျာ

ဒုတိယအထွေထွေမန်နေဂျာ(စီမံ/စာရင်းအင်း၊ ထုတ်လုပ်ရေး)

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)

- စီမံရေးရာဌာနခွဲ
- ငွေစာရင်းဌာနခွဲ
- ရောင်းချဖြန့်ဖြူးရေးဌာနခွဲ
- ဖက်စပ်ဌာနခွဲ

တာဝန်ခံအရာရှိ(ပုလဲကျွန်း၊ ရန်ကုန်ရုံးခွဲ၊ မြိတ်ရုံးခွဲ)

ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ( )

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ